ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်

# (၂၀၁၉ – ၂၀၂၃ ခုနှစ်)

International
Labour
Organization

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဥယျောဇဉ် | ၁ |
| အမှာစာ | ၃ |
| အတိုကောက်ဝေါဟာရများစာရင်း | ၆ |
| | |
| **အပိုင်း (၁)** | |
| **ကလေးအလုပ်သမားဆိုင်ရာ သတင်းအချက်အလက်များနှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ဖော်ထုတ်မှုလုပ်ငန်းစဉ်များ** | ၇ |
| နိဒါန်း | ၇ |
| ရည်ရွယ်ချက် | ၉ |
| မူဝါဒနှင့် ဥပဒေအကြောင်းအရာ | ၉ |
| ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း | ၁၀ |
| ဖွဲ့စည်းပုံ | ၁၀ |
| ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန် | ၁၁ |
| | |
| **အပိုင်း(၂)** | |
| **အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း** | ၁၇ |
| ရည်မှန်းချက် | ၁၇ |
| စီမံချက်ကာလ | ၁၇ |
| ပထမငါးနှစ်စီမံချက် (၂၀၁၉ ခုနှစ်မှ၂၀၂၃ ခုနှစ်) ရည်မှန်းချက်များ | ၁၇ |
| ဦးစားပေးနယ်ပယ်များ | ၁၈ |
| အဓိကမိတ်ဖက်အဖွဲ့အစည်းများ | ၁၈ |
| မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း | ၁၉ |
| စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင် | ၂၁ |
| ငွေကြေးဆိုင်ရာအရင်းအမြစ်များနှင့် ဘဏ္ဍာငွေသုံးစွဲမှု | ၂၁ |
| နိဂုံး | ၂၁ |

# ဥယျောဇဉ်



**ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ(၁)**
**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံကလေးအလုပ်သမား**
**ပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ**

(ကမ္ဘာပေါ်တွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ (၁၈) ရာခိုင်နှုန်း တစ်ဘီလီယံခန့်)[1] ရှိပြီး ကမ္ဘာ့လူငယ်လူရွယ်ထု၏ အခြေအနေသည် ဒေသတွင်းနိုင်ငံများ၌ လူမှုအဖွဲ့အစည်းများအကြား စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ ယဉ်ကျေးမှု ကွာဟမှုများနှင့်မတူကွဲပြားမှုများ ကြုံတွေ့နေရပါသည်။

ကမ္ဘာ့စစ်တမ်းများအရ ကမ္ဘာပေါ်တွင် ၅ နှစ်မှ ၁၇ နှစ်အကြား (ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိရာ ၇.၄ ရာခိုင်နှုန်း)[2] သည် အာရှနှင့် ပစိဖိတ်ဒေသတွင် ရှိနေပြီး စိုက်ပျိုးရေးကဏ္ဍများတွင် အများစုရှိနေကာ အလုပ်လုပ်ကိုင်နေရကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သော (Labour Force Survey) အရ မြန်မာ နိုင်ငံတွင် (ကလေးဦးရေ (၁၂) သန်းကျော် ရှိရာ ကလေးအလုပ်သမား (၁.၁) သန်းကျော်ရှိပြီး (၆) သိန်းကျော်ခန့်)[3] သည် အန္တရာယ်ရှိသည့်အလုပ်များတွင် လုပ်ကိုင်ရသော အသက် (၁၈) နှစ်အောက် ကလေးများဖြစ်သည်ကို တွေ့ရှိရသောကြောင့် အဆိုပါလုပ်ငန်းခွင်များမှ ကလေး များ ကိုလည်း ကာကွယ်စောင့်ရှောက်ပေးရန် အမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်း စီမံချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာပါသည်။

(နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုး တိုးတက်မှုများကလည်း ကလေးအလုပ်သမားအသုံးပြုရသည့် အဓိကအခြေခံအကြောင်းရင်းများနှင့် တိုက်ရိုက်ဆက်စပ်နေပြီး ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ Global Climate Change ရဲ့ အကျိုးဆက်များဖြစ်သည့် မုန်တိုင်းကြီးများဖြစ်ပေါ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ လျှော်လူပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကျရောက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ ပြည်တွင်းပဋိပက္ခအချို့ကြောင့် ဆင်းရဲနွမ်းပါးမှုများနဲ့ ရွှေ့ပြောင်းနေထိုင်ရမှုများရှိနေတာကြောင့်လူမှုစီးပွားရေးဘဝအကြပ်အတည်းများမှတစ်ဆင့်ကလေးအလုပ်သမား၊လူငယ်၊ လူရွယ်အလုပ်သမားများဟာ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ရွေးချယ်နိုင်မှုမရှိဘဲ ကလေးအလုပ်သမားအဖြစ် အသုံးပြုခံနေရမှုများကို ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကြုံတွေ့နေရပါသည်။

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစီမံကိန်းသည် ကဏ္ဍပေါင်းစုံမှ တာဝန်တစ်ရပ်အနေနဲ့ခံယူပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများ၊ NGOs, INGO များမှ စဉ်ဆက်မပြတ် အလေးထားအကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ကလေးအလုပ်သမားကိစ္စရပ်သည်အလွန်ကျယ်ပြန့်သဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်တာကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူပြီး အားလုံးပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။)*

**ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ(၁)**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ**

---

[1] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူငယ်ရေးရာမူဝါဒ၊ ၂၀၁၇ ခုနှစ်

[2] Geneva Report 2017 Global Estimates of Child Labour, Results and Trends 2012–2016

[3] ၂၀၁၅ ခုနှစ် Labour Force Survey

* မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးမိန့်ခွန်းများမှ ကောက်နုတ်ချက်

# အမှာစာ



**ဦးသိန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး**
**ဒုတိယ ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံကလေးအလုပ်သမား**
**ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ**

(ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို လုပ်ငန်းတာဝန် (၈) ရပ်ဖြင့် ဖွဲ့စည်းခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရမည့် ပင်မလုပ်ငန်းကော်မတီ (၈) ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကလည်း ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစီမံချက်အပေါ်မှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပါဝင်၍ လူဦးရေ ၅၃ သန်းကျော်ရှိပြီး မြို့ပြနေထိုင်သူ ၃၀ ရာခိုင်နှုန်းခန့်၊ ကျေးလက်ဒေသ နေထိုင်သူ ၇၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

မြန်မာနိုင်ငံတွင် (၁၈) နှစ်အောက် ကလေးဦးရေ (၁၈) သန်းကျော်ခန့်ရှိပြီး ၂၀၁၇ ခုနှစ်၊ ပထမသုံးလပတ် အလုပ်သမား အင်အားစစ်တမ်းများအရ ၅ နှစ်မှ ၁၇ နှစ်ကြားရှိ (ကလေးဦးရေ စုစုပေါင်းမှာ (၁၂) သန်းကျော်ရှိပြီး ကလေးအလုပ်သမား (၆) သိန်းကျော်သည် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် မိသားစုစားဝတ်နေရေး အခြေအနေအရ အလုပ်လုပ် နေသော ကလေးအလုပ်သမား (၆) သိန်းကျော် ပါဝင်နေပြီး အသက် (၅) နှစ်မှ (၁၇) နှစ်ကြား ကလေးစုစုပေါင်း၏ (၁၀.၅) ရာခိုင်နှုန်းခန့် (၁၂.၇၉) သန်းခန့်သည် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် (၁၈၂)ကို ဒေသတွင်းအာဆီယံနိုင်ငံများနည်းတူ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်ခံအတည်ပြု လက်မှတ်ရေးထိုးခဲ့ပြီး ကလေးအလုပ်သမားရေးရာနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (ILO)၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ (၁) ဦးဆောင်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ၅-၂-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

ကလေးအလုပ်သမားအလုပ်လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေတို့ကို ILO ပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ အားလုံးပါဝင်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်ပုံရိပ် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ပါသည်။)[1]

**ဦးသိန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး**

**ဒုတိယဥက္ကဋ္ဌ**

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီ**

[1] မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးများမှ မိန့်ခွန်းကောက်နုတ်ချက်

# အတိုကောက်ဝေါဟာရများစာရင်း

| | | |
|---|---|---|
| ATIPD | = | Anti–Trafficking in Persons Division<br>လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ |
| AFFM | = | Agriculture & Farmer Federation of Myanmar<br>မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် |
| CBOs | = | Community Based Organizations<br>လူမှုအခြေပြုအဖွဲ့အစည်းများ |
| CSOs | = | Community Social Organizations<br>လူမှုမိတ်ဖက်အဖွဲ့အစည်းများ |
| CTUM | = | Confederation of Trade Unions Myanmar<br>မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် |
| DOL | = | Department of Labour<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| DLR | = | Department of Labour Relation<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန |
| DTVET | = | Department of Technical and Vocational Education Training<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| FGLLID | = | Factories and General Labour Laws Inspection Department<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန |
| ILO | = | International Labour Organization<br>အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ |
| INGOs | = | International Non Government Organizations<br>အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| MOHA | = | Ministry of Home Affairs<br>ပြည်ထဲရေးဝန်ကြီးဌာန |
| MOBA | = | Ministry of Border Affairs<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| MOALI | = | Ministry of Agriculture,Livestock and Irrigation<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| MOLIP | = | Ministry of Labour, Immigration and Population<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| MOI | = | Ministry of Information<br>ပြန်ကြားရေးဝန်ကြီးဌာန |
| MOC | = | Ministry of Commerce<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

| | | |
|---|---|---|
| MOE | = | Ministry of Education<br>ပညာရေးဝန်ကြီးဌာန |
| MOHS | = | Ministry of Health and Sports<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| MOPFI | = | Ministry of Planning, Finance and Industry<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |
| MOC | = | Ministry of Construction<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| MSWRR | = | Ministry of Social Welfare, Relief and Resettlement<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| MOEA | = | Ministry of Ethnic Affairs<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| MPF | = | Myanmar Police Force<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| MIS | = | Monitoring Information System<br>သတင်းအချက်အလက် လေ့လာစောင့်ကြည့်ရေးစနစ် |
| MICS–TUsF | = | Myanmar Industries Craft & Services Trade Unions Federation<br>မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် |
| NFME | = | Non–Formal Middle Education<br>သမရိုးကျမဟုတ်သော အလယ်တန်းပညာရေး |
| NFPE | = | Non–Formal Primary Education<br>သမရိုးကျမဟုတ်သော မူလတန်းပညာရေး |
| NGOs | = | Non Government Organizations<br>အစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| SSB | = | Social Security Board<br>လူမှုဖူလုံရေးအဖွဲ့ |
| TWG–CL | = | Technical Working Group on Child Labour<br>ကလေးအလုပ်သမားဆိုင်ရာနည်းပညာရပ်လုပ်ငန်းအဖွဲ့ |
| USC | = | Office of Union Supreme Court<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| UAG | = | Union Attorney General's Office<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| UMFCCI | = | Union of Myanmar Federation of Chambers of Commerce and Industry<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း |
| UN | = | United Nations<br>ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ |

# အပိုင်း (၁)

## ကလေးအလုပ်သမားဆိုင်ရာ သတင်းအချက်အလက်များနှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ဖော်ထုတ်မှုလုပ်ငန်းစဉ်များ

### နိဒါန်း

၁။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပါဝင်ပြီး ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အစီရင်ခံစာအရ လူဦးရေ ၅၃ သန်းကျော်ရှိပြီး မြို့ပြနေထိုင်သူ ၃၀ ရာခိုင်နှုန်းခန့်၊ ကျေးလက်ဒေသနေထိုင်သူ ၇၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

၂။ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ရေး စတင်ချိန်မှ နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုရေးပြန်လည်ပူးပေါင်းပါဝင်လာမှုများ (Social Inclusion) ရရှိစေရန် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်ပါသည်။

၃။ အဆိုပါစိန်ခေါ်မှုများတွင် မက်ခရိုစီးပွားရေး (Macroeconomic) နှင့် ဘဏ္ဍာရေးတည်ငြိမ်ရေး၊ ကုန်ထုတ်လုပ်ငန်းကဲ့သို့ အဓိကကျသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့် စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက် ရေး၊ အုပ်ချုပ်မှုတိုးတက်ကောင်းမွန်စေရေး၊ ပြည်သူ့ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး (Public Sector Reforms)နှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့စေရေးတို့ ပါဝင်သည်။

၄။ မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ်အောက်လူဦးရေသည် နိုင်ငံလူဦးရေ၏ ၃၃.၈၃ ရာခိုင်နှုန်းခန့်ရှိပြီး မြို့ပြ၌ ၈.၈၅ ရာခိုင်နှုန်း၊ ကျေးလက်၌ ၂၄.၉၈ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကလေးဦးရေများပြားသည့် နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် ကလေးငယ်များနှင့် လူငယ်များကို စီးပွားရေးအရ အမြတ်ထုတ်ခံရခြင်း၊ အချိန်မတိုင်မီကျောင်းထွက်ရခြင်း၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရခြင်း စသည်တို့မှ ကာကွယ်စောင့်ရှောက်ပေးရန် ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ရရှိမှု မြှင့်တင်ပေးခြင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ လူငယ်များအလုပ်အကိုင်ရရှိရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ဘေးကင်းသည့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့နှင့်ပတ်သက်၍ အရေးကြီးသည့် မူဝါဒရေးရာနှင့် လူမှုစီးပွားရေး ဦးစားပေးမှုများ (Socio–Economic Priorities) အဖြစ် သတ်မှတ်ဆောင်ရွက်ရပါမည်။

၅။ မြန်မာနိုင်ငံ၏ ကလေးဦးရေနှင့် ကလေးလုပ်သားအချိုးအစား၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသော ကလေးလုပ်သားများ၏ အခြေအနေမှာ အောက်ဖော်ပြပါဇယားအတိုင်း ဖြစ်ပါသည်–

| အကြောင်းအရာ | ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သား အင်အား စစ်တမ်း အစီရင်ခံစာ | | | ၂၀၁၈ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အား စစ်တမ်း (ပထမအကြိမ်) အစီရင်ခံစာ | | | ၂၀၁၈ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အား စစ်တမ်း (ဒုတိယအကြိမ်) အစီရင်ခံစာ | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ကလေးဦးရေ (၅ – ၁၇နှစ်) (သန်းပေါင်း) | ၆.၁၆ | ၆.၂၅ | ၁၂.၄၁ | ၆.၁၅ | ၆.၂၅ | ၁၂.၄၀ | ၆.၁၄ | ၆.၂၄ | ၁၂.၃၈ |
| အလုပ်လုပ်ကိုင်နေသောကလေး (သန်းပေါင်း) | ၀.၃၆ | ၀.၂၈ | ၀.၆၄ | ၀.၃၃ | ၀.၂၈ | ၀.၆၁ | ၀.၂၈ | ၀.၁၆ | ၀.၄၄ |
| အလုပ်လုပ်ကိုင်နေသောကလေး (ရာခိုင်နှုန်း) | ၅.၈ | ၄.၅ | ၅.၂ | ၅.၄ | ၄.၄ | ၄.၉ | ၄.၆ | ၂.၆ | ၃.၆ |
| ကလေးလုပ်သား (သန်းပေါင်း) | ၀.၂၄ | ၀.၁၈ | ၀.၄၂ | ၀.၂၄ | ၀.၁၈ | ၀.၄၂ | ၀.၂၂ | ၀.၁၂ | ၀.၃၄ |
| ကလေးလုပ်သား (ရာခိုင်နှုန်း) | ၄.၀ | ၂.၉ | ၃.၄ | ၃.၉ | ၂.၉ | ၃.၄ | ၃.၆ | ၂.၀ | ၂.၈ |
| အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား (သန်းပေါင်း) | ၀.၂၃ | ၀.၁၇ | ၀.၄၀ | ၀.၂၃ | ၀.၁၇ | ၀.၄၀ | ၀.၂၀ | ၀.၁၁ | ၀.၃၁ |
| အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား (ရာခိုင်နှုန်း) | ၃.၇ | ၂.၇ | ၃.၂ | ၃.၇ | ၂.၇ | ၃.၂ | ၃.၃ | ၁.၇ | ၂.၅ |

ဇစ်မြစ်။ (၁) ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း(ပထမအကြိမ်) (ရည်ညွှန်းကာလ ဇန်နဝါရီလမှ မတ်လအထိ) နှင့် ဒုတိယအကြိမ် (ရည်ညွှန်းကာလ စက်တင်ဘာလမှ နိုဝင်ဘာလအထိ) တို့မှ အချက်အလက်များကို အခြေခံတွက်ချက်ထားပါသည်။

(၂) ၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း(ပထမအကြိမ်) (ရည်ညွှန်းကာလ ဖေဖော်ဝါရီလမှ ဧပြီလအထိ) မှ အချက်အလက်များ ဖြစ်ပါသည်။

(၃) ၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း ဒုတိယအကြိမ် (ရည်ညွှန်းကာလ စက်တင်ဘာလမှ နိုဝင်ဘာလအထိ) မှ အချက်အလက်များ ဖြစ်ပါသည်။

၆။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် အများဆုံးနေထိုင်၍ ဆင်းရဲနွမ်းပါးမှုနှင့် ယင်း၏ အကျိုးဆက်များကို အသက် ၁၈ နှစ်အောက်ကလေးများ အများဆုံးခံစားနေရသည်။ ကျေးလက်ဒေသရှိ ကလေးသူငယ်များသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေနှင့် သန့်ရှင်းမှုဆိုင်ရာဝန်ဆောင်မှု၊ ပညာသင်ကြားခွင့်ဆိုင်ရာ အခွင့်အရေးများကို အကန့်အသတ်ဖြင့်သာ ရရှိနေကြသည်။ မြန်မာနိုင်ငံသည် ကလေးအသေအပျောက်နှုန်းထားအရ နိုင်ငံ ၂၂၅ နိုင်ငံအနက် အသေပျောက်နှုန်းထားမြင့်မားသည့်အဆင့် ၅၁ တွင် ရှိနေသည်။

၇။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်လေ့ရှိပြီး အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်းကြီးများ၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ နိုင်ငံအနှံ့အပြားမီးလောင်ခြင်းတို့ အပါအဝင် သဘာဝဘေးအန္တရာယ်ရှိမှု၊ လက်နက်ကိုင် ပဋိပက္ခမှုများ၏ တိုက်ရိုက်အကျိုးဆက်များကြောင့် အထွေထွေ ဆင်းရဲနွမ်းပါးမှုကို ကြုံတွေ့လျက်ရှိပါသည်။ ပဋိပက္ခဖြစ်ပေါ်သည့်နေရာများတွင် လူမှုရေးနှင့် အခြားဆောင်ရွက်ချက်များကိုဆောင်ရွက်ပေးနိုင်စွမ်းနည်းပါး၍နေရပ်ရွှေ့ပြောင်းနေထိုင်ကြရမှု၊ပဋိပက္ခမှုများနှင့်အတူ လူမျိုးကွဲပြားခြားနားမှု၊ ဘာသာရေးရာရောထွေးမှုများ ဆက်စပ်နေပါသည်။ ဘေးအန္တရာယ်အမျိုးမျိုး၏ ဖျက်ဆီးနိုင်သည့်အစွမ်းသည် မိသားစုများကိုလည်းကောင်း၊ လူတစ်ဦးချင်းစီကိုလည်းကောင်း၊ ဆင်းရဲခြင်း၊ အစားအစာဖူလုံမှုမရှိခြင်း၊ နေရာပြောင်းရွှေ့နေထိုင်ရခြင်း၊ စီးပွားရေးအကျပ်အတည်းကို ဖြစ်ပေါ်စေခြင်းစသည်တို့ကြောင့် မိသားစုများအနေဖြင့် ကလေးများအား အလုပ်ခိုင်းစေခြင်းကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်းများပင် ဖြစ်ပါသည်။

၈။ မြန်မာနိုင်ငံတွင် အရှိန်ရနေပြီဖြစ်သည့် ဆောင်ရွက်ဆဲငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအနက် ဆင်းရဲနွမ်းပါးမှု၊ အခြေခံကျသော လူမှုရေးဝန်ဆောင်မှုများ မပြည့်စုံမှု၊ သဘာဝဘေးအန္တရာယ်၊ အလုပ်အကိုင်နှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရေးသည် အရေးကြီးသော အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။

၉။ ဆောင်ရွက်ဆဲ ပြုပြင်ပြောင်းလဲမှုများတွင် ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ဦးစွာအဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမှ အစပြုကာ ကလေးအလုပ်သမားခိုင်းစေမှု ပပျောက်သွားရန် သို့မဟုတ် လျော့နည်းသွားရန် ဖြေရှင်းဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်းပြီး အခွင့်အလမ်းကောင်းများကိုဖြစ်စေမည့် အလှည့်အပြောင်းဆောင်ရွက်ရန် အခြေအနေကောင်းတွင် ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်ပါသည်။

၁၀။ မူဝါဒ၊ ဦးစားပေးမှုများ နှင့်စပ်လျဉ်း၍ ပြန်လည်သတ်မှတ်ခြင်း၊ စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်နေဆဲအချိန်ဖြစ်သဖြင့် ကလေးအလုပ်သမားဖြစ်စေသည့် အခြေခံအကြောင်းရင်းများကို ဖော်ထုတ်ပြီး ဖြေရှင်းဆောင်ရွက်ပေးမည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးအတွက် တွန်းအားဖြစ်စေနိုင်ပါသည်။

## ရည်ရွယ်ချက်

၁၁။ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတတိုးမြှင့်စေခြင်း၊ နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီ ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ကလေးအလုပ်သမားပြဿနာအပေါ် ဖြေရှင်းနိုင်ရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ တာဝန်ဝတ္တရားများသတ်မှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းချမှတ်၍ တိုးတက်မှုကို အကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရန် ဖြစ်ပါသည်။

## မူဝါဒနှင့် ဥပဒေအကြောင်းအရာ

၁၂။ ကလေးအလုပ်သမားနှင့်ပတ်သက်၍အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် တရားဝင်အလုပ်လုပ်ကိုင်နိုင်သော အနိမ့်ဆုံးအသက်အရွယ်အောက်ရှိ အလုပ်လုပ်ကိုင်နေသည့် ကလေးများကိုသော်လည်းကောင်း သို့မဟုတ် အသက်အရွယ်အရ တရားဝင်အလုပ်လုပ်ကိုင်နိုင်ခွင့်ရှိသော်လည်း ၎င်းတို့၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပညာသင်ကြားရေးကို ထိခိုက်စေသည့်အလုပ်တွင် လုပ်ကိုင်နေရသည့် ကလေးများကိုသော်လည်းကောင်း ဆိုသည်ဟုပါရှိသည်။

၁၃။ မြန်မာနိုင်ငံ၏ ဥပဒေများတွင် ကလေးသူငယ်နှင့်ပတ်သက်၍ ၂၀၁၉ခုနှစ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေနှင့် ၂၀၀၅ ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတို့တွင် ကလေးသူငယ်နှင့် ပတ်သက်သည့် အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်သည့် ပြဋ္ဌာန်းချက်များပါရှိသည်။

၁၄။ ကလေးအလုပ်သမားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အလုပ်သမားဥပဒေများတွင် အသက် ၁၄ နှစ်ပြည့်ပြီးက ဆရာဝန်၏ အလုပ်လုပ်ရန်သင့်တော်ကြောင်း ဆေးထောက်ခံချက်ဖြင့် စတင်လုပ်ကိုင်နိုင်ကြောင်း၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြားကလေးများမှာ ဆရာဝန်၏ ထောက်ခံချက်ရရှိပါက လူကြီးလုပ်သားကဲ့သို့ လုပ်ကိုင်ခွင့်ရှိကြောင်း၊ အသက် ၁၄ နှစ်နှင့် ၁၆ နှစ်ကြား ကလေးအလုပ်သမားများ၏ တစ်နေ့အလုပ်ချိန်ကို ၄ နာရီသာခွင့်ပြုထားကြောင်း၊ ညနေ ၆ နာရီနှင့် နောက်တစ်နေ့နံနက် ၆ နာရီကြား ခိုင်းစေခွင့်မရှိကြောင်း၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်များကိုလည်း လူကြီးအလုပ်သမားများကဲ့သို့ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၁၅။ ကလေးအလုပ်သမားများကို အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ ပါ ခြွင်းချက်ထား၍ လက်သင့်ခံနိုင်ခြင်းမရှိသည့် အလုပ်များတွင် ခိုင်းစေခံရသည့် ကလေးအလုပ်သမားအုပ်စုများကို ဆိုလိုသည်။ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းတွင် ကလေးသူငယ်များအနေဖြင့် ကျွန်ပြုခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ စီးပွားရေးအရ လိင်မှုဆိုင်ရာ အမြတ်ထုတ်ခံရခြင်း၊ လက်နက်ကိုင်ပဋိပက္ခ

သို့မဟုတ် တရားမဝင်လုပ်ငန်းများတွင် အသုံးပြုခံရခြင်းများ ပါဝင်သည်။

၁၆။ အန္တရာယ်ရှိသည့်လုပ်ငန်း သို့မဟုတ် အန္တရာယ်ရှိသည့်အလုပ် ဆိုသည်မှာ ကလေးများ အနေဖြင့် ၎င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်စေသည့် အလုပ်တွင် လုပ်ကိုင်နေရသည့်ဖြစ်ရပ်ကို ဆိုလိုပြီး အဆိုပါအချက်တွင် သတ်မှတ်အလုပ်ချိန်ထက် ပိုမိုလုပ်ကိုင်ရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် ညအချိန်လုပ်ကိုင်ရခြင်း တို့ ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် အသက် ၁၈ နှစ်မပြည့်သေးသူများ အန္တရာယ်ရှိသော အလုပ်လုပ်ကိုင်ခြင်းကို တားမြစ်နိုင်ရန်အတွက် အန္တရာယ်ရှိသောအလုပ်များ၊ လုပ်ငန်းခွင်များစာရင်းကို ILO ၏ နည်းပညာဆိုင်ရာ အကူအညီရယူ၍ ပြုစုရေးဆွဲလျက်ရှိပါသည်။

## ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁၇။ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်စေရန် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

## ဖွဲ့စည်းပုံ

၁၈။ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးတစ်ဦးကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ထားသည်။

၁၉။ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ ရုံးလုပ်ငန်းတာဝန်များကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၂၀။ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့အနေဖြင့် ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်တွင် လိုက်လျောညီထွေဆောင်ရွက်နိုင်မည့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်နိုင်သည်။

၂၁။ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသော အခြားသောလူမှုရေးအဖွဲ့အစည်းဝင်များသည် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ အကြံပြုချက်နှင့်အညီ ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၂။ အောက်ပါ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် (၂)ဦးစီဖြင့် ဖွဲ့စည်းထားသည်–

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊

(ဂ) နယ်စပ်ရေးရာဝန်ကြီးဌာန၊

(ဃ) ပြန်ကြားရေးဝန်ကြီးဌာန၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊

(စ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ဆ) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊

(ဇ) ပညာရေးဝန်ကြီးဌာန၊

(ဈ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊

(ည) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

(ဋ) ပြည်ထောင်စုရှေ့နေချုပ်ရုံး၊

(ဌ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

(ဍ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊

(ဎ) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊

(ဏ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊

(တ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊

(ထ) မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂ များ အဖွဲ့ချုပ်၊

(ဒ) မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊

(ဓ) ရတနာ့မေတ္တာအဖွဲ့၊

(န) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ၊

(ပ) မြန်မာနိုင်ငံကြက်ခြေနီအသင်း၊

(ဖ) Association Francois–Xavier Bagnoud Myanmar ၊

(ဗ) ILO (International Labour Organization)၊

(ဘ) Save the Children၊

(မ) UNICEF (United Nations Children's Education Fund)၊

(ယ) World Vision ။

၂၃။ အစိုးရဌာနမှ အဓိကအဖွဲ့ဝင်များသည် ညွှန်ကြားရေးမှူး သို့မဟုတ် ယင်းအထက်အဆင့်ဖြစ်ပြီး ဒုတိယညွှန်ကြားရေးမှူးတစ်ဦးဦးသည် အရန်အဖွဲ့ဝင်ဖြစ်၍ အခြားအဖွဲ့အစည်းများမှ အဖွဲ့ဝင်သည် ဘာသာရပ်ကျွမ်းကျင်သူပုဂ္ဂိုလ်ဖြစ်ရမည်။

## ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်

၂၄။ အောက်ပါအတိုင်းဖြစ်သည်–

(က) ကလေးအလုပ်သမား မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရန်၊ သက်ဆိုင်ရာ တည်ဆဲဥပဒေအရ တရားဝင်လုပ်ကိုင်နိုင်သည့် အသက်ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ကိုင်နေသော ကလေးများ၏ အခွင့်အရေးအပေါ် အကာအကွယ်ပေးမည့် မူဝါဒကို အဆိုပြု တင်ပြခြင်း၊

(ခ) ကျား/မရေးရာကိစ္စနှင့်စပ်လျဉ်း၍ မူဝါဒများ၊ ဥပဒေများတွင် ထည့်သွင်းခြင်း၊

(ဂ) နိုင်ငံဖွံ့ဖြိုးတိုးတက်မှုပေါ်မူတည်၍ အလုပ်စတင်လုပ်ကိုင်နိုင်မည့် အနိမ့်ဆုံးအသက် အရွယ်နှင့်စပ်လျဉ်းပြီး အကြံပြုချက်များပေးခြင်း၊

(ဃ) နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ မြန်မာနိုင်ငံတွင် အန္တရာယ်ရှိသောအလုပ်နှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်များစာရင်းကို ပြုစုရေးဆွဲခြင်း၊

( င ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကလေးများအပေါ် ကာကွယ်စောင့်ရှောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးအပါအဝင် ကလေးအလုပ်သမားပြဿနာများကို နိုင်ငံတော်အစိုးရ၏ ဦးစားပေးကဏ္ဍများတွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်ခြင်း၊

( စ ) ကလေးအလုပ်သမားပပျောက်ရေးအမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊

(ဆ) ကလေးအလုပ်သမားရေးရာများကို စောင့်ကြည့်ခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းနှင့် သက်ဆိုင်ရာသို့လွှဲပြောင်းပေးနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် ဖော်ထုတ်ခြင်း၊

( ဇ ) ကလေးအလုပ်သမားဆိုင်ရာ အတည်ပြုလက်ခံပြီးဖြစ်သည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်ခြင်း၊ အားပေးထောက်ခံခြင်းများ ပြုလုပ်ခြင်း၊

( ဈ ) ကလေးအလုပ်သမားနှင့်ဆက်စပ်သည့် နိုင်ငံတကာစံချိန်စံညွှန်းများကို အတည်ပြု လက်ခံကျင့်သုံးနိုင်ရေး တင်ပြခြင်း။

၂၅။ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ကလေးအလုပ်သမားဆိုင်ရာ ပြဿနာများကို သက်ဆိုင်ရာလုပ်ငန်းစီမံချက်နှင့် လုပ်ငန်းအစီအစဉ်များတွင် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရမည်–

(က) **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး။** သက်ဆိုင်ရာတရားရုံးများသည် ကလေးအလုပ်သမားပြဿနာအပါအဝင် ကလေးသူငယ်မှုခင်းများကို တည်ဆဲဥပဒေနှင့်အညီ တရားစီရင်ရမည်။ တရားစီရင်စစ်ဆေးမေးမြန်းရာတွင် တရားခွင်လုပ်ထုံးလုပ်နည်းများသည် ကလေးသူငယ်များအတွက် အဆင်ပြေစေမည့်ပုံစံဖြစ်စေရန် အမြဲဂရုပြုဆောင်ရွက်ရမည် ဖြစ်ပါသည်။

( ခ ) **ပြည်ထဲရေးဝန်ကြီးဌာန။** လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းရင်းသည် လူကုန်ကူးခံရမှုကြောင့်ဖြစ်ပါက ထိရောက်သည့် ရှာဖွေဖော်ထုတ်မှု၊ ကလေးအခြေပြု စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့သည် ကလေးအလုပ်သမားတားဆီးကာကွယ်ခြင်းကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ထည့်သွင်းရမည်။

( ဂ ) **နယ်စပ်ရေးရာဝန်ကြီးဌာန။** နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကလေးအလုပ်သမားများ၊ ကလေးအလုပ်သမားဖြစ်လာမည့် အန္တရာယ်ရှိနေသည့်ကလေးများအား ဝန်ကြီးဌာနမှ လျာထားသည့် နယ်ပယ်များတွင် ပညာသင်ကြားနိုင်မှု၊ ဖွံ့ဖြိုးမှုနှင့် သက်မွေးပညာသင်ကြားနိုင်ခွင့်ဆိုင်ရာ သတ်မှတ်ချက်များတွင် ပါဝင်အောင် ထည့်သွင်းပေးရမည်ဖြစ်ပါသည်။

(ဃ) **ပြန်ကြားရေးဝန်ကြီးဌာန။** နိုင်ငံပိုင်မီဒီယာများ သုံးစွဲခြင်းဖြင့်လည်းကောင်း၊ ဟောပြောပွဲ၊ လူတွေ့မေးမြန်းခြင်း၊ သင်ကြားပို့ချခြင်းဖြင့်လည်းကောင်း၊ ဇာတ်လမ်းတိုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်သူ့စာကြည့်တိုက်၊ လက်ကမ်းစာစောင်၊ သတင်းစာ၊ ပိုစတာနှင့် ဂျာနယ် အစရှိသည့် သတင်း၊ ပညာရေးနှင့် ဆက်သွယ်ရေးကိရိယာများတွင် ကလေးအလုပ်သမားဆိုင်ရာကိစ္စကို ပါဝင်လာအောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် ကလေးအလုပ်သမားဆိုင်ရာ သတင်းပြန်ကြားရေးအတွက် နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့တွင် အဓိကဆက်သွယ်ရာအဖြစ် ပူးပေါင်းဆောင်ရွက်ရမည်။

( င ) **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးကော်မတီ၏ အစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှုများတွင် ကလေးအလုပ်သမားဆိုင်ရာကိစ္စ၊ အကြောင်းအရာများ ပါဝင်မှုရှိစေရန် မြို့နယ်ကလေးသူငယ် အခွင့်အရေးကော်မတီနှင့် ညှိနှိုင်းလုပ်ကိုင် ဆောင်ရွက်ရမည်။ ကလေးအလုပ်သမားဆိုင်ရာကိစ္စ၊ အကြောင်းအရာများအပေါ် စီမံခန့်ခွဲနိုင်ရန် အခြားဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးရမည်။ ၎င်း၏ ဦးဆောင်အားပေးထောက်ခံမှု အစိတ်အပိုင်းတစ်ခုအဖြစ် ကလေးသူငယ်များအနေဖြင့် မည်သည့်အချိန်တွင်မှ အမြတ်ထုတ်ခံရခြင်း၊ အလွဲသုံးစားခံရခြင်း မဖြစ်စေရန် စီမံပေးခြင်းတို့ ပါဝင်ပါသည်။

( စ ) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆောင်ရွက်ဆဲလုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ၊ လုပ်ငန်းဆောင်ရွက်မှုများတွင် ကလေးအလုပ်သမားပပျောက်ရေးကိစ္စ ပါဝင်လာအောင် ဆောင်ရွက်ပေးခြင်း၊ ဝင်ငွေရရှိမှုတိုးမြှင့်လာရေး ကြားဝင်ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အားကောင်းလာအောင် ဆောင်ရွက်ပေးခြင်း၊ မိသားစုများအနေဖြင့် ကလေးအလုပ်သမားအပေါ် မှီခိုနေရမှုအပေါ် လျှော့ချရေးတို့ကို ဆောင်ရွက်ပေးရမည်။ ဝန်ကြီးဌာနအနေဖြင့် ကလေးအလုပ်သမားဆိုင်ရာ ပြဿနာများ၊ စိုးရိမ်ပူပန်ရမှုများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာရုံးများ၊ အလုပ်သမားများနှင့် လူ့အဖွဲ့အစည်းများအထိ အသိအမြင် မြှင့်တင်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးရမည်။

(ဆ) **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။** အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး အလုပ်လုပ်ကိုင်ရန် အနိမ့်ဆုံးအသက် သတ်မှတ်ခြင်းနှင့် ကလေးများအတွက် အန္တရာယ်ရှိသည့်အလုပ်နှင့် လုပ်ငန်းခွင်များစာရင်းပြုစုခြင်း၊ ကလေးအလုပ်သမားဆိုင်ရာ စံချိန်စံညွှန်းများ အတည်ပြုလက်ခံကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရမည်။ ဝန်ကြီးဌာနအနေဖြင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ကလေးအလုပ်သမားနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်စစ်ဆေးမှုများ အောင်မြင်စေရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ကလေးအလုပ်သမားများ ရှာဖွေဖော်ထုတ်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းခွင်များတွင် ကလေးအလုပ်သမားကင်းစင်ရေး၊ အလုပ်လုပ်နိုင်မည့် အနိမ့်ဆုံးအသက်အရွယ်အထက်ရှိ ကလေးသူငယ်များအတွက် အန္တရာယ်ကင်းသည့် လုပ်ငန်းခွင်များဖြစ်အောင် ကြီးကြပ်ပေးရမည်။ လုပ်ငန်းခွင်များရှိ ကလေးအလုပ်သမားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို စနစ်တကျစီမံ ဆောင်ရွက်ပေးရမည်။

( ဇ ) **ပညာရေးဝန်ကြီးဌာန။** ပညာရေးဝန်ကြီးဌာနသည် ကလေးအလုပ်သမားများထဲမှ ပညာဆက်လက်သင်ကြားလိုသူများကို သင့်တော်ကောင်းမွန်သည့် နည်းလမ်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။ ဘဝတစ်သက်တာကျွမ်းကျင်စရာနှင့် မဟာဗျူဟာများကို အသုံးပြုလျက် ဆရာအတတ်သင်ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် ပညာရေးရည်မှန်းချက်တို့၌ ကလေးအလုပ်သမားဆန့်ကျင်ရေး အစီအစဉ်များ ထည့်သွင်းပေးရမည်။ ဝန်ကြီးဌာနအနေဖြင့် ကလေးအလုပ်သမားများ စောင့်ကြည့်ခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းနှင့် လွှဲပြောင်းပေးခြင်းဆိုင်ရာ ဖော်ထုတ်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရမည်။ ထို့ပြင် ထိလွယ်ရှလွယ်ဖြစ်နိုင်သည့် အုပ်စုများကို သင်ကြားလေ့ကျင့်ခွင့်ရရှိစေရေး ဆောင်ရွက်ပေးရမည်။ ဝန်ကြီးဌာနအနေဖြင့် ပညာရေးအစီအစဉ်များတွင် ကလေးအလုပ်သမားကိစ္စနှင့်စပ်လျဉ်း၍ အလေးထားဆောင်ရွက်ပေးရမည်။

( ဈ ) **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မွေးကင်းစနှင့် အသက် ၁၈ နှစ်အတွင်းရှိနေသူများအား ခွဲခြားမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်။ ကလေးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များ အကောင်အထည်

ဖော်ဆောင်ရွက်ခြင်းများအပေါ် စောင့်ကြည့်ပေးရမည်။ ကလေးသူငယ်များ၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ဆက်စပ်သည့် စံချိန်စံနှုန်းများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များ ဖော်ထုတ်ခြင်းအပြင် အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်များဖြစ်စေရန် မြှင့်တင်ခြင်းအပေါ် စောင့်ကြည့်ပေးရမည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကလေးအလုပ်သမားဖြစ်စဉ်များကို စောင့်ကြည့်ရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရေးများ ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့်လုပ်ငန်းစဉ်တွင် တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက်ပေးခြင်း၊ တိုက်ရိုက်ဝန်ဆောင်မှုပေးခြင်းတို့မှတစ်ဆင့် ကလေးအလုပ်သမားများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှု အခွင့်အလမ်းရရှိစေရေး ဆောင်ရွက်ပေးရန်လည်း တာဝန်ရှိပါသည်။

(ည) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူမှုဝန်ထမ်းဦးစီးဌာနမှတစ်ဆင့် ကလေးအလုပ်သမားဖြစ်စဉ်များကို စောင့်ကြည့်ရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရေးများ ဆောင်ရွက်နိုင်မည့် အမျိုးသားအဆင့် လုပ်ငန်းစဉ်တစ်ရပ်ဖော်ထုတ်ရေးဆွဲရာတွင် ပူးပေါင်းပါဝင်ပေးရမည်ဖြစ်သည်။ ကလေးအလုပ်သမားအခွင့်အရေးများ အလွဲသုံးစားခံရမှုများကို ဖြစ်ရပ်စီမံခန့်ခွဲမှုနည်းလမ်းဖြင့် လူမှုဝန်ထမ်းဦးစီးဌာနက စီမံခန့်ခွဲရမည်။ လိုအပ်သည့်အခါတိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကလေးအလုပ်သမားများ၊ ၎င်းတို့၏ မိသားစုများကို ပြန်လည်ထူထောင်ရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အထောက်အပံ့များပေးခြင်း၊ သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်ပေးရမည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနသည် လူမှုဝန်ထမ်းဦးစီးဌာနရုံးများမှတစ်ဆင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများအတွက် ကလေးအလုပ်သမားများဆိုင်ရာ သင်တန်းများ ကျင်းပပေးရမည်။ ဝန်ကြီးဌာနအနေဖြင့် ကလေးအလုပ်သမားမဖြစ်စေရေး ကလေးသူငယ်များအား ကိုယ်စိတ်နှစ်ပါးချမ်းသာစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်။

( ဋ ) **ပြည်ထောင်စုရှေ့နေချုပ်ရုံး။** ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် လက်ရှိဆောင်ရွက်နေမှုများအပြင် ထပ်မံရရှိလာနိုင်သည့် အရင်းအမြစ်များ၊ အစီအစဉ်များနှင့်အညီ ဥပဒေပိုင်းဆိုင်ရာ အကူအညီပေးခြင်းဖြင့် ကလေးအလုပ်သမားပြဿနာများကို အရေးယူနိုင်အောင် ဆောင်ရွက်ပေးရမည်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဥပဒေမူကြမ်းများ သုံးသပ်ပေးရန် တင်ပြလာပါက အဆိုပါမူကြမ်းများသည် ကလေးအလုပ်သမား၏ ရပိုင်ခွင့်များနှင့်သက်ဆိုင်သည့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့် ကိုက်ညီဆီလျော်မှုရှိစေရန် ဆောင်ရွက်ပေးရမည်။

( ဌ ) **မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ။** မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ကော်မတီသည် ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကလေးအလုပ်သမားများအား အထောက်အပံ့ပေးရမည်။ အထူးသဖြင့် ပညာသင်ကြားရန်၊ ကျန်းမာရေး၊ သက်မွေးပညာ၊ လေ့ကျင့်သင်ကြားရေး၊ ပြန်လည်ထူထောင်ရေး နယ်ပယ်များတွင် ကူညီထောက်ပံ့ပေးရမည်။

( ဍ ) **မြို့တော်စည်ပင်သာယာရေးကော်မတီ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)။** စည်ပင်သာယာရေးကော်မတီများသည် ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်မြှင့်တင်ခြင်း၊ အားပေးထောက်ခံခြင်းများ ဆောင်ရွက်ရမည်။ ဆက်စပ်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စည်ပင်သာယာရေးကော်မတီများသည် ကလေးအလုပ်သမား၊ လမ်းပေါ်မှ ကလေးများနှင့်စပ်လျဉ်း၍ ဖြေရှင်းရန် စောင့်ကြည့်ရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရေးဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ် ဖော်ထုတ်ချမှတ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများတွင် ပါဝင်ဆောင်ရွက်ရမည်။ စည်ပင်သာယာရေးကော်မတီများအနေဖြင့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများတွင် ကလေးများ ပျော်ရွှင်စွာကစားနိုင်မည့်နေရာများ (ပန်းခြံနှင့် ကစားကွင်း) ပါဝင်လာစေရန် တိုးမြှင့်ဆောင်ရွက်ပေးရမည်။ စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသည့် လုပ်ငန်းခွင်များတွင် ကလေးအလုပ်သမားကင်းစင်ရေး၊ အလုပ်လုပ်နိုင်မည့် အနိမ့်ဆုံးအသက်

အရွယ်အထက်ရှိ ကလေးသူငယ်များအတွက် အန္တရာယ်ကင်းသည့် လုပ်ငန်းခွင်များဖြစ်အောင် ကြီးကြပ်ပေးရမည်။ သက်မွေးပညာ လေ့ကျင့်သင်ကြားရေးများ စီမံပေးခြင်း၊ လူကြီးအလုပ်သမားများကိုသာ ခန့်အပ်တာဝန်ပေးခိုင်းစေရမည့် လုပ်ငန်းများတွင် ကလေးအလုပ်သမားများ ခန့်ထားဆောင်ရွက်ခြင်း မရှိစေရန်အတွက် စီမံဆောင်ရွက်ရမည်။

( ဃ ) **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ၎င်း၏ အဖွဲ့ဝင်များ၊ အခြားကုမ္ပဏီများတွင် ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်မြှင့်တင်ခြင်း၊ တိုက်တွန်းအားပေးခြင်းများကို ဆောင်ရွက်ပေးသကဲ့သို့ ၎င်း၏အဖွဲ့ဝင်များအနေဖြင့် အလုပ်သမားရေးရာ စံနှုန်းများအပေါ် လေးစားလိုက်နာမှုမြှင့်တင်ပေးခြင်းနှင့် စောင့်ကြည့်ခြင်းများကိုလည်း ဆောင်ရွက်ပေးရမည်။ ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ထောက်ခံအားပေးခြင်း၊ လူမှုရေးဆိုင်ရာ ဆွေးနွေးခြင်းတို့တွင် တက်ကြွစွာပါဝင်ရမည်။ ဖြစ်နိုင်မည့်အချိန်တိုင်းတွင် အသင်းချုပ်အနေဖြင့် အခြားအဓိကလုပ်ဆောင်သူများနှင့်ပူးပေါင်း၍ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ လေ့ကျင့်သင်ကြားရေး၊ စားဝတ်နေရေးကဲ့သို့သော တိုက်ရိုက်ကြားဝင်အထောက်အပံ့ပေးမှုများကို ကလေးအလုပ် သမားများနှင့် ၎င်းတို့၏ မိသားစုများအား ပေးအပ်ရမည်။

(ဏ) **မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်။** အလုပ်သမားကိုယ်စားပြုအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းများ၊ ဦးဆောင်လှုံ့ဆော်ခြင်းများ ဆောင်ရွက်ပေးခြင်းတို့မှတစ်ဆင့် ကလေးအလုပ်သမား ကာကွယ်တားဆီးရေးလုပ်ငန်းတွင် ပါဝင်ကူညီပေးရမည်။ ၎င်းတို့အနေဖြင့်၎င်းတို့၏မိတ်ဖက်အဖွဲ့အစည်းများကိုအသိအမြင်မြှင့်တင်ခြင်းအားဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်များတွင် ကလေးအလုပ်သမားမရှိစေရေးနှင့် အလုပ်လုပ်နိုင်မည့် အနိမ့်ဆုံးအသက်အရွယ်ရှိ ကလေးများအတွက် အန္တရာယ်ကင်းရှင်းသည့်လုပ်ငန်းခွင်များဖြစ်စေရေး လူမှုရေးရာဆွေးနွေးမှုများမြှင့်တင်ပေးခြင်းကိုဆောင်ရွက်ရမည်။အလုပ်သမားအဖွဲ့အစည်းများအနေဖြင့်ကလေးအလုပ်သမားကိစ္စများကို စောင့်ကြည့်ခြင်း၊ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။ မိဘများအား အလုပ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် လမ်းညွှန်ချိတ်ဆက်ပေးရမည်။ အလုပ်လုပ်သော ကလေးများအနေဖြင့် ပညာသင်ကြားရေး၊ ကျောင်းပြင်ပ ပညာရေး၊ သက်မွေးပညာလေ့ကျင့်သင်ကြားရေး စသည့် အခွင့်အရေးများရရှိနိုင်ရန် ပါဝင်ကူညီပေးရမည်။

(တ) **ဒေသဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ။** ဒေသဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များသည် ကလေးအလုပ်သမားများဆိုင်ရာ စည်းရုံးဟောပြောခြင်းနှင့် အသိအမြင်မြှင့်တင်ခြင်းတို့ ဆောင်ရွက်ပေးရမည်။ ဤအဖွဲ့အစည်းများသည် သက်မွေးပညာ လေ့ကျင့်သင်ကြားပေးခြင်း၊ အထူးသဖြင့် ပညာရေး (ကျောင်းပြင်ပ ပညာရေးနှင့် ကျောင်းနေပညာရေး)၊ ကျန်းမာရေး၊ အာဟာရပြည့်ဝစေရေး၊ လူမှုဘဝပြန်လည်ထူထောင်ရေးနှင့် ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းက ဆောင်ရွက်ပေးသည့် ပြန်လည်ပူးပေါင်းရေး ဆောင်ရွက်ချက်နယ်ပယ်များတွင် ကလေးအလုပ်သမားများအတွက် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးခြင်းတို့မှတစ်ဆင့် ကလေးအလုပ်သမားများ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး ပံ့ပိုးမှုကို အဆင်ပြေအောင်ဆောင်ရွက်ပေးရမည်။ အမျိုးသားအဆင့် စောင့်ကြည့်ရေး၊ ရှာဖွေဖော်ထုတ်ရေးနှင့် သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရေးစနစ်၏ အစိတ်အပိုင်းအဖြစ် ဒေသဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များသည် ကလေးအလုပ်သမားကိစ္စများအပေါ် စောင့်ကြည့်လေ့လာခြင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းကော်မတီထံ အစီရင်ခံတင်ပြခြင်းများတွင် ကူညီထောက်ပံ့ရ

မည်ဖြစ်ပြီး အဆိုပါကိစ္စများအားဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက်/ကျေးရွာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဒေသဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များအနေဖြင့် ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာမှု အားကောင်းလာစေရန် အခြားအစိုးရမဟုတ်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ပူးပေါင်းခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်။

(ထ) **ကုလသမဂ္ဂ အဖွဲ့အစည်းများ။** ကုလသမဂ္ဂလက်အောက်ရှိ သက်ဆိုင်ရာအဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ၎င်းတို့၏ အစီအစဉ်များတွင် ကလေးအလုပ်သမားကိစ္စ ပါဝင်လာစေရန် ဥပဒေရေးရာနှင့် မူဝါဒရေးရာ အထောက်အပံ့ပေးခြင်းများကို တက်ကြွစွာဆောင်ရွက်ပေးရမည်။ ၎င်းတို့သည် ကလေးအလုပ်သမားနှင့်စပ်လျဉ်း၍ ပညာရပ်ပိုင်းဆိုင်ရာနှင့် အကြံပေးမှုများကိုလည်း ဆောင်ရွက်ပေးရမည်။ ၎င်းတို့အနေဖြင့် ကလေးအလုပ်သမားဆိုင်ရာ အခြေခံအသိပညာမြှင့်တင်ပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရမည်။ ၎င်းတို့သည် ကလေးအလုပ်သမားများအပေါ် အခြေခံသည့် ဗဟုသုတအားဖြည့်ပေးရေးနှင့် နိုင်ငံအတွင်း ကဏ္ဍအားလုံးနှင့် သက်ဆိုင်သည့် အသိပညာမြှင့်တင်ရေးတို့အတွက် ထောက်ပံ့ကူညီပေးရမည်။ ၎င်းတို့အနေဖြင့် ပညာသင်ကြားရေး၊ ကလေးအလုပ်သမားအကာအကွယ်ပေးရေး၊ကျန်းမာရေး၊လေ့ကျင့်သင်ကြားရေး၊စားဝတ်နေရေးဆိုင်ရာ အခွင့် အလမ်းများကဲ့သို့သော တိုက်ရိုက်ထောက်ပံ့ပေးမှုများကို ကလေးအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစု များအား ပေးအပ်ရမည်။

( ဒ ) **အဖွဲ့ဝင်အသစ်အဖြစ်ဝင်ရောက်နိုင်ရေး လုပ်ထုံးလုပ်နည်း။** အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်ခွင့်ကို ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ သို့မဟုတ် အဖွဲ့ခွဲများမှ အဖွဲ့ဝင်များက အဆိုပြုတင်ပြရမည်ဖြစ်ပြီး ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးတွင် ဆွေးနွေးမဲခွဲဆုံးဖြတ်ရမည်။

၂၆။ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ ပုံမှန်အစည်းအဝေးများ ကျင်းပခြင်း၊ အစီရင်ခံစာတင်သွင်းခြင်း၊ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးရုံး၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ခွဲများဖွဲ့စည်းခြင်းနှင့် မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ အခန်းကဏ္ဍသည် သတ်မှတ်ခဲ့ပြီးဖြစ်သော ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များပါအတိုင်း ဆောင်ရွက်ရမည်။

၂၇။ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲ ဖော်ထုတ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ခံကိုယ်စားလှယ်များ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လူငယ်ကွန်ရက်အသီးသီးမှ ကိုယ်စားလှယ်များဖြင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ စက်မှုဇုန်များအဆင့် ဆွေးနွေးပွဲများနှင့် လူငယ်ညှိနှိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါသည်။

၂၈။ ၁၃-၃-၂၀၁၇ ရက်နေ့မှ ၁၆-၃-၂၀၁၇ ရက်နေ့ထိ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ILO နှင့် UNICEF တို့မှ ကိုယ်စားလှယ်များ၊ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့မှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း (၁၀၉) ဦးဖြင့် အမျိုးသားအဆင့်ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်၍ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲရန် ဆုံးဖြတ်ခဲ့ပါသည်။

# အပိုင်း(၂)
# အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

## ရည်မှန်းချက်

၁၉။ အောက်ပါတို့ ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင် ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူး သဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများအား လျှော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာတားဆီးကာကွယ်ရန်၊

( ခ ) ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးရန်၊

( ဂ ) အန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများအား ဖယ်ရှားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများတက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်။

## စီမံချက်ကာလ

၂၀။ စီမံချက်ကာလအား ၂၀၁၉ မှ ၂၀၃၃ ခုနှစ်ထိ (၁၅) နှစ်ကာလ သတ်မှတ်ပြီး ၂၀၁၉ မှ ၂၀၂၃ ခုနှစ်ထိ ပထမငါးနှစ်စီမံချက်၊ ၂၀၂၄ မှ ၂၀၂၈ ခုနှစ်ထိ ဒုတိယငါးနှစ်စီမံချက်၊ ၂၀၂၉ မှ ၂၀၃၃ ခုနှစ်ထိ တတိယငါးနှစ်စီမံချက်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်။

## ပထမငါးနှစ်စီမံချက် (၂၀၁၉ ခုနှစ်မှ၂၀၂၃ ခုနှစ်) ရည်မှန်းချက်များ

၂၁။ အောက်ပါအတိုင်းဖြစ်သည်-

(က) ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊

( ခ ) အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

( ဂ ) ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊

(ဃ) ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမို အားကောင်းလာစေခြင်း၊

( င ) အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊

( စ ) မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှိစေခြင်း။

**မှတ်ချက်။** ရည်မှန်းချက် (၆) ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အစီအမံ၊ အသေးစိတ်ဆောင်ရွက်ချက်များ၊ အညွှန်းကိန်းများ၊ သတ်မှတ်ချက်များ၊ အဓိကဆောင်ရွက်ရမည့် တာဝန်ခံအဖွဲ့အစည်းနှင့် မိတ်ဖက်အဖွဲ့အစည်းများအား နောက်ဆက်တွဲဇယား (က) ဖြင့် ဖော်ပြထားပါသည်။

## ဦးစားပေးနယ်ပယ်များ

၃၂။ ပထမငါးနှစ်စီမံချက်တွင် အောက်ပါလုပ်ငန်းကဏ္ဍ (၂) ခုကို ဦးစားပေး ဆောင်ရွက်မည်–

(က) စက်မှုကုန်ထုတ်ကဏ္ဍ၊

( ခ ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ။

၃၃။ စီမံချက်နယ်မြေအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၅) ခုအနက် ကနဦးစီမံချက်နယ်မြေများအဖြစ် အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်သွား ပါမည်–

(က) ကရင်ပြည်နယ်၊

( ခ ) မွန်ပြည်နယ်၊

( ဂ ) ပဲခူးတိုင်းဒေသကြီး၊

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊

( င ) ဧရာဝတီတိုင်းဒေသကြီး။

၃၄။ အောက်ပါအတိုင်း အုပ်စု (၂)ခု ခွဲခြားဆောင်ရွက်မည်–

(က) အသက် (၁၄) နှစ်အောက် ကလေးအလုပ်သမားများ၊

( ခ ) အသက် (၁၄) နှစ်မှ (၁၈) နှစ်အကြား ကလေးအလုပ်သမားများ။

## အဓိကမိတ်ဖက်အဖွဲ့အစည်းများ

၃၅။ **အစိုးရ မိတ်ဖက်များ။** ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများ၊ ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့။

